Myanmar Red Cross Society

# အလုပ်လျှောက်လွှာခေါ်ယူခြင်း

| | |
|---|---|
| **ရာထူးအမည်** | **: လုံခြုံရေး (Security Guard)** |
| အရေအတွက် | : (၁) ဦး |
| အစီရင်ခံတင်ပြမှု | : စီမံကိန်းအထောက်အကူပြုအရာရှိ |
| ဌာန | : ရခိုင်ပြည်နယ်စီမံချက်လုပ်ငန်းများစီမံခန့်ခွဲမှုယူနစ် |
| Program | : Health Programme |
| တာဝန်ကျရာနေရာ | : စစ်တွေ |
| Grade | : A-2 |
| အကျိုးခံစားခွင့်များ | : လစာ + Staff House + Hardship Area Allowance + ကိုယ်ခန္ဓာထိခိုက်မှုနှင့် ရောဂါဘယအာမခံ + လုပ်ငန်းတွင်း သင်တန်းများ + ခရီးသွားစရိတ် + အိမ်ပြန်နားရက်ခံစားခွင့် / လုပ်သက်ခွင့် + ရှောင်တခွင်ခွင့် + ကူးစက်ရောဂါကာကွယ်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အစားထိုးခံစားခွင့် |
| **လျှောက်လွှာပိတ်ရက်** | **: ၁၈. ၀၉. ၂၀၂၀၊ (၁၆:၃၀) နာရီ** |

**ရခိုင်ပြည်နယ်စီမံချက်များစီမံခန့်ခွဲမှုယူနစ်၊ စစ်တွေရုံးခွဲ၏ အကြောင်းအရာ။** ။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာန(၁၂)ခုတွင် ရခိုင်ပြည်နယ်စီမံချက်များ စီမံခန့်ခွဲမှုယူနစ်သည် တစ်ခုအပါအဝင်ဖြစ်သည်။ ရခိုင်ပြည်နယ်စီမံချက်များ စီမံခန့်ခွဲမှုယူနစ်ကို ဌာနချုပ်ရုံး၊ စစ်တွေရုံးခွဲနှင့် မောင်တောရုံးခွဲတို့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ စစ်တွေရုံးခွဲသည် စစ်တွေမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်နှင့် မြေပုံမြို့နယ်များတွင် ဆောင်ရွက်လျက်ရှိသော လူထုအခြေပြုစီမံကိန်း/စီမံချက်လုပ်ငန်းများ၊ လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**လုံခြုံရေးဝန်ထမ်း**သည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အခြေခံမူများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးပ်နည်းများနှင့်အညီ ရခိုင်ပြည်နယ်စီမံချက်လုပ်ငန်းများစီမံခန့်ခွဲမှုယူနစ်၊ စစ်တွေရုံးခွဲ၊ ပြည်နယ်ကြက်ခြေနီ သိုလှောင်ရုံတို့ရှိ အဆောက်အအုံများ၊ သိုလှောင်ရုံများ၊ မော်တော်ယာဥ်များ၏ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်လုံခြုံရေးကို စီမံချက်ရေးဆွဲပြီး နေ့/ ည မပြတ် စောင့်ကြပ်ပေးရန် ဖြစ်ပါသည်။

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"**

**လုပ်ငန်းတာဝန်များ**

(၁) နေ့/ည အလှည့်ကျ လုံခြုံရေး တာဝန်ထမ်းဆောင်ရွက်ရမည်။

(၂) ယာဉ် ဝင်/ထွက် စစ်ဆေး ကြပ်မတ်၍ မှတ်တမ်းတင်ရမည်။

(၃) ဝန်ထမ်း ဝင်/ထွက်၊ ဧည့် ဝင်/ထွက် အား စီစစ်၍ မှတ်တမ်းထားရှိပြီး စီမံကိန်းအထောက်အကူပြုအရာရှိ မှတဆင့် မန်နေဂျာထံသို့ တင်ပြရမည်။

(၄) ရုံးနှင့်ရုံးခြံဝန်းအတွင်းသို့ ဌာနနှင့် မသက်ဆိုင်သော ယာဉ်/လူပုဂ္ဂိုလ်များ အကြောင်းမဲ့ဝင်ရောက်မှုမရှိစေရေး တားမြစ်ရမည်။ ရုံးအကြီးအကဲ၏ ခွင့်ပြုချက်မရဘဲ မည်သည့် ယာဉ်၊ ပစ္စည်း ၊ လူ ကိုမှ လက်ခံခြင်း၊ ထားသိုခြင်း၊ သိမ်းဆည်းခြင်း မပြုလုပ်ရန် ကြီးကြပ်ရမည်။

(၅) ပစ္စည်းများ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် လုံခြုံရေးအတွက် နေ့/ည တာဝန်ကျချိန်တွင် ရုံးခန်းများ၊ ပစ္စည်း သိုလှောင်ရုံများ၊ မော်တော်ယာဉ်များအား ပုံမှန်လှည့်ပတ် ကြည့်ရှုစစ်ဆေး ရမည်။ သတ်မှတ်ချက်အတိုင်းသတင်းပေးပို့တင်ပြရမည်။

(၆) မသင်္ကာဖွယ်ရာတွေ့ရှိပါက အထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရန်၊လိုအပ်ပါက ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ရမည်။

(၇) မီးဘေးအန္တာရာယ် ကြိုတင်ကာကွယ်ရန်အတွက် ရုံးနှင့်ရုံးဝန်းအတွင်း မီးပလပ်ပေါက်များ၊ မီးကြိုးများ၊ မီးစက်နှင့် မီးသတ်ဆေးဘူးများအား ပုံမှန်စစ်ဆေးရမည် ၊ လောင်စာဆီများနှင့် မီးလောင်လွယ်သော ပစ္စည်းများအား အထူးဂရုပြု ထိန်းသိမ်းထားရှိရမည်။

(၈) အသင်း၏လုံခြုံရေးအတွက် သတင်းအချက်အလက်လုံခြုံမှုရှိရမည်။

(၉) အခြားဌာနများ၊အသင်းအဖွဲ့များမှ လက်ခံရရှိသည့် ဖုန်းသတင်းများအား သက်ဆိုင်သူထံသို့အဆင့်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရမည်။

(၁၀) အခြားဌာန/ ရုံး/ အသင်းအဖွဲ့များမှ လက်ခံရရှိသည့် ဝင်စာများအား သက်ဆိုင်သူထံသို့ အချိန်နှင့် တစ်ပြေးညီ သတင်းပို့ရမည်။

(၁၁) ရုံးတွင် အချိန်ပိုတာဝန်ထမ်းဆောင်သူများအား သတ်မှတ်ချိန်အတွင်းသာ တာဝန်ထမ်းဆောင်ရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(၁၂) မီးပျက်ပါက မီးစက်မောင်းရန်နှင့် မီးပြန်လာပါက မီးစက်ပိတ်ရန်၊ Generator Register စာအုပ်တွင် ရေးသွင်းရမည်။ မီးစက်အား မီးလာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ နေ့စဉ် မနက်(၁၀:၀၀မှ၁၀:၃၀) အထိ မောင်းနှင်ရမည်။ မီးစက်၏ ဆီ၊ ရေ၊ အင်ဂျင်ဝိုင်၊ ဘက်ထရီတို့အား အမြဲစစ်ဆေးရမည်။ ရေစင်များပေါ်တွင် ရေ ရှိ/မရှိ အမြဲစစ်ဆေးရန်နှင့် ရေမော်တာမောင်းနှင်ခြင်း၊ ရေတင်ခြင်းများ၊ ပြုလုပ်ရမည်။

(၁၃) ရုံးခြံဝန်း အတွင်း/အပြင် သန့်ရှင်းသာယာ သပ်ရပ်နေစေရေးအတွက် တံမြက်စည်းလှည်းခြင်း၊ သန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရမည်။

(၁၄) ကြီးကြပ်သူမှအခါ အားလျော်စွာပေးအပ်သောအခြားရုံးလုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"**

**လိုအပ်သောအရည်အချင်းများ**

- **မြန်မာနိုင်ငံသားဖြစ်ရမည်။**
- အသက် (၂၃) မှ အသက် (၅၀) နှစ် အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအဆင့် (အနိမ့်ဆုံး) သင်ယူထားသူ ဖြစ်ရမည်။
- **လုံခြုံရေးဆိုင်ရာ အလုပ်အကိုင်တွင် အတွေ့အကြုံ အနည်းဆုံး(၁) နှစ်ရှိရမည်။**
- **UN/INGO/NGOအဖွဲ့အစည်းများတွင်လုံခြုံရေးဆိုင်ရာလုပ်ကိုင်ဖူးသူ/အတွေ့အကြုံရှိသူကို ဦးစားပေးမည်။**
- စိတ်ပိုင်းဆိုင်ရာ/ရုပ်ပိုင်းဆိုင်ရာကျန်းမာသန်စွမ်းပြီးသွက်လက်နိုးကြားသူဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ အသင်း၏ လှုပ်ရှားမှုများတွင် ဆောင်ရွက်နိုင်ရမည်။
- စိတ်ပိုင်းဆိုင်ရာ/ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းပြီး သွက်လက်နိုးကြားသူ ဖြစ်ရမည်။
- လူမှုပေါင်းသင်းဆက်ဆံရေးနှင့် ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်သူ ဖြစ်ရမည်။
- အရက်သေစာသောက်စားသူများ နှင့်မူးယစ်ဆေးဝါးသုံးစွဲသူများ မဖြစ်ရ။
- အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်သူဖြစ်ရမည်။
- ဒေသခံ ကြက်ခြေနီ စေတနာလုပ်အားရှင်များကို ဦးစားပေးမည်။
- ပါတီ၊ နိုင်ငံရေး ကင်းရှင်းသူဖြစ်ရမည်။
- **တပ်ပြေး/ ရဲပြေးနှင့် ပြစ်မှုတစ်စုံတစ်ရာကြောင့် အဖွဲ့အစည်းတစ်ခုခုမှ ထုတ်ပစ်/ ထုတ်ပယ်ခံထားရသူများ မဖြစ်ရ။**
- မြန်မာဘာဘာစကားနှင့် ဒေသခံဘာသာစကား တတ်ကျွမ်းသူများကို ဦးစားပေးမည်။

**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့် အတူလိုအပ်သော အထောက်အထား မိတ္တူ/ PDF Versionဖြင့် ပြည့်စုံစွာ ပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။**

| | |
|---|---|
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရုံးချုပ်** | **ရုံးခွဲ** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊** | **အမှတ် (၄၂) ၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊** |
| **နေပြည်တော်။** | **ရန်ကုန်။** |

(သို့မဟုတ်) **mrcsrsp@gmail.com** သို့ လိပ်မူကာ ပေးပို့ရမည်။ အသေးစိတ်အချက်အလက်များအား [www.redcross.org.mm](www.redcross.org.mm) တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **လူတွေ့စစ်မေးခြင်း ရွေးချယ်ခံရသူကိုသာ အကြောင်းကြား မည်ဖြစ်ပါသည်။**

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"**